# မာတိကာ


- ဝိတိ(ပေကြီး)၏ ညီမလေးသို့ နှလုံးသားစာတိစာ ကောင်းသန့် ၇
- မိုးမိုးစောဝင်း(မီမိုး)၏ အမှာ ၉
- အတိတ်ကာလတစ်ခု၏ နှလုံးသားများ ၁၃
- ပျို့ဂုဏ်ရည် ၁၇
- ဘာရည်ရွယ်ချက်နဲ့ အင်တာနက်အသုံးပြုတာလဲ ၂၅
- ပုံမှန် ၃၃
- ခေတ်နောက်ပြန်၍ တိရစ္ဆာန်ကမ္ဘာကို ဖန်တီးနေကြသူများ ၄၁
- လက်မထပ်မီ အတူတကွနေထိုင်ခြင်းနဲ့ ညီမလေးတို့ သိသင့်တဲ့အချက်များ ၄၉
- ညီမလေးအတွက် မွေးနေ့လက်ဆောင် ၆၁
- ဘဝလက်ကျန် ၆၉
- တူနှစ်ချောင်းအိမ်ထောင်ဖက် ၇၇
- ညီမလေးအိမ်ထောင်ပြုသင့်တဲ့အရွယ် ၈၅
- အတု အစစ် ၉၃
- အိမ်သာ ၉၉
- မိန်းကလေးများဘဝကို လောင်းကြေးထပ်ခံရခြင်း ၁၀၇
- ဖုန်းယဉ်ကျေးမှုနဲ့ ညီမလေးတို့ ဘဝများ ၁၁၅
- ဘောလုံးပွဲနဲ့ မိန်းကလေးများ ၁၂၅
- သံသယနောက်ကျော ၁၃၅
- စိတ်ဓါတ်စာ ၁၄၃


## ဝိတိ(ပေကြီး) ၏ ညီမလေးသို့ နှလုံးသားစာတိစာ ကောင်းသန့်

ညီမလေးတစ်ယောက်ကို စေတနာအပြည့်အဝဖြင့် ဆိုဆုံးမထားသော အစ်ကိုတစ်ယောက်၏ ရင်တွင်းစကားကို ဤစာအုပ်မှတစ်ဆင့် ကြားလိုက်ရ၏။

သူ့စကားတွေ အခုမှ ကြားရသည်မဟုတ်။ မဂ္ဂဇင်းတွေထဲမှာ ပြောပြီးသား ဖြစ်သည်။ ထိုအထဲက နှစ်သက်သည့် စကားစုလေးတချို့ကို ရွေးထုတ်ပြချင်၏။

**“လူတစ်ယောက်၏ ကိုယ်ကျင့်တရား၊ မိန်းမတစ်ယောက်၏ အပျို့ရည်ဘဝကို မည်သည့်ကြားခံပစ္စည်းကမျှ မတားမြစ်နိုင်ပေ။ မိမိ၏ ကိုယ်နှုတ်စိတ်ကသာ တားမြစ်ပေးနိုင်၏”**

**“မနက်ဖြန်အတွက် ဒီနေ့ဟာ ကုန်ဆုံးသွားရမယ့် နေ့တစ်နေ့ပါပဲ။ ကုန်ဆုံးမသွားခင် မနက်ဖြန်အတွက် ဘာတွေ ယူသွားကြမှာလဲ။ ဘဝအတွက် ဘာတွေ ယူသွားကြမှာလဲ။ အကျိုးတစ်စုံတစ်ရာ မရှိဘဲနဲ့တော့ မကုန်ဆုံးစေနဲ့နော်”**

**“အချစ်က လူကောင်းလူဆိုး ခွဲခြားနိုင်မှု ဆင်ခြင်တုံတရား ကင်းမဲ့စေပါတယ်။ ချစ်မိသူတိုင်း ဘဝလက်တွဲဖော် မဖြစ်ထိုက်ဘူး။ ဦးနှောက်မဲ့ အချစ်ဟာ နှလုံးသားကို နာကျင်စေပါတယ်။ နှလုံးသားတစ်ခုတည်း ဦးတည် တဲ့အချစ်ဟာ ဦးနှောက်ကို ပျက်စီးစေပါတယ်”**



နှလုံးသားနဲ့ရေးတဲ့ ဆရာဝိတိရဲ့ စကားလုံးတွေဟာ ရင်ကို ထိရှပေါတယ်။

ဖတ်မိတဲ့ ညီမလေးတွေကတော့ အစ်ကိုတစ်ယောက်အဖြစ် ချစ်ခင်လိုချင်နေမလား မသိ။

ခုထက်ထိတော့ ဆရာဝိတိဟာ လူပျိုကြီးအဖြစ် ရှိနေတုန်းပါပဲ။

သူ့စာ၊ သူ့စကားတွေဟာ စေတနာရောင် လင်းလက်နေတဲ့အတွက် အပြစ်ဆိုစရာ မရှိပါဘူး။

မျိုးကျူးအားပေးဖို့ ထိုက်တန်သူပါပဲ။

သမီးတွေ၊ သားတွေ၊ တူ၊ တူမ၊ ညီ၊ ညီအစ်မတွေကို ဆိုဆုံးမစာရေးတယ်ဆိုတာ တော်ရုံစကားနဲ့တော့ မရဘူး။

ခံစားမှုလည်း ရှိရမည်။ ရေးချင် ဝေမျှချင်တဲ့ ဝေဒနာအခံလည်း ရှိရမယ်။ ပြီးတော့ စာများများ ဖတ်ထားသူလည်း ဖြစ်ရမည်။

ထိုအချက်များနှင့် ပြည့်စုံနေပြီဖြစ်သော်လည်း သူ့ကံက အိမ်ရာမနိုးသေးဘူးဆိုလျှင်တော့ အောင်မြင်မည့်အချိန်ကို သည်းခံစောင့်ဆိုင်းရလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ထိုစာအုပ်ထွက်ပြီးလျှင်တော့ ကြိုက်သူ၊ မကြိုက်သူ ပေါ်လာနိုင်ပါတယ်။

ကြိုက်နှစ်သက် လက်ခံသူ များပါစေကြောင်းသာ ဆုမွန်ကောင်း တောင်းပေးလိုက်ပါ၏။

ကောင်းသန့်

၂၁-၁၂-၁၈